သဘာပတိတရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်၊
အဖွဲ့ဝင် တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့်
ဦးချစ်လွင်တို့ရှေ့တွင်

+ ၂၀၁၀
ဧပြီလ
၂၉ ရက်

မဆောင်နမ်
နှင့်
ဦးအယ်လ်ဘရန်မိုင် *

ခရစ်ယာန်လင်ယောကျ်ားဖြစ်သူသည် ခရစ်ယာန် ဇနီးဖြစ်သူအပေါ် ရက်စက်မှုကျူးလွန်ခြင်း၊ စွန့်ပစ်ခြင်းကြောင့် မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၁၀ အရ ထိမ်းမြားမှုပယ်ဖျက်ပေးရန် ဇနီးဖြစ်သူက လျှောက်ထားရာတွင် သက်သေပြရန်အချက်များ။

ဆုံးဖြတ်ချက်။ ။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၁၀ တွင် ဇနီးဖြစ်သူက လင်ယောကျ်ားဖြစ်သူအပေါ် ထိမ်းမြားမှုပယ်ဖျက်ပေးရန် လျှောက်ထားနိုင်ကြောင်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

---

* ၂၀၀၉ ခုနှစ်၊ တရားမအထွေထွေလွှဲအပ်လွှာ အမှတ် ၁။

\+ ၂၀၀၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၅တွင် ချမှတ်သော ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ရှေးဦးဒီကရီအပေါ် မြန်မာနိုင်ငံလင်မယားကွာရှင်းမှုဥပဒေပုဒ်မ ၁၇ အရလျှောက်ထားမှု။

" Any wife may present a petition to the District Court or to the High Court, praying that her marriage may be dissolved on the ground that, since the solemnization thereof, her husband has exchanged his profession of Christianity for the profession of some other religion, and gone through a form of marriage with another woman;

- or has been guilty of incestuous adultery,

- or of bigamy with adultery,

- or of marriage with another woman with adultery,

- or of rape, sodomy or bestiality,

- or of adultery coupled wiht such cruelty as without adultery would have entitled her to a divorce *a mensa et toro,*

- or of adultery coupled with desertion, without reasonable excuse, for two years or upwards.

မဆောင်နမ်၏ အဆိုပြုတင်ပြချက်များတွင် ဦးအယ်လ်ဘာရန်မိုင်သည် အခြားဘာသာသို့ကူးပြောင်းခြင်း၊ နောက်ထပ်မယားယူခြင်း၊

အမျိုးသမီးတစ်ဦးနှင့်ဖောက်ပြန်ခြင်း စသောအချက်များ တင်ပြထားခြင်းမရှိသကဲ့သို့ ဦးအယ်ဘရန်မိုင်သည် ထိုအချက်များကို ကျူးလွန်ခဲ့ကြောင်းလည်းမပေါ်ပေါက်ပေ။ ရိုက်နှက်ခြင်းဖြင့် ညှင်းပမ်းနှိပ်စက်ကြောင်း တရားလိုကထွက်ဆိုသော်လည်း လိုပြသက်သေများက ထောက်ခံထွက်ဆိုခြင်းမရှိပေ။ တရားလိုပြောပြ၍သိရကြောင်း သာထွက်ဆိုကြသည်။ ရက်စက်မှုကို ကျူးလွန်ရုံမျှဖြင့်လည်း တစ်ပါးသော မိန်းမနှင့်ဖောက်ပြားကျူးလွန်ကြောင်း သက်သေမပြနိုင်လျှင် လင်မယားကွာရှင်းရေးဥပဒေပုဒ်မ ၁၀ အရ ကွာရှင်းရန်ဒီကရီကို တောင်းဆိုခြင်းမပြုနိုင်ပေ။ **မစ္စစ်ပါး (လ်) ကျော် နှင့် ဦးကျော်** အမှုကို ကြည့်ပါ။

တရားလိုက တရားပြိုင်သည် ၂ နှစ်ကျော်စွန့်ပစ်ထားခြင်းကြောင့် ကွာရှင်းခွင့်ရထိုက်သည်ဟု တင်ပြသည်။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၁၀ အရ မိန်းမတစ်ဦးနှင့်ဖောက်ပြန်ခြင်းအပြင် ဇနီးဖြစ်သူအား ၂ နှစ်နှင့်အထက်စွန့်ပစ်ထားမှသာလျှင် ထိမ်းမြားမှုကို ပယ်ဖျက်ပေးနိုင်သဖြင့် ၂ နှစ်အထက်စွန့်ပစ်သည်ဟု ဆိုရုံမျှဖြင့် ထိမ်းမြားမှုကို ပယ်ဖျက်ပေးနိုင်မည်မဟုတ်ပေ။ တရားလိုတင်ပြသော သက်သေခံချက်များအရ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၁၀ ပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်းမရှိ၍ ခရိုင်တရားရုံးက ထိမ်းမြားလက်ထပ်မှု ပယ်ဖျက်ပေးခဲ့ခြင်းမှာ မှန်ကန်ခြင်းမရှိပေ။

လျှောက်ထားသူအတွက် - ဦးစိုးဝင်းစိုး
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် - မလာ

ရုံးသဟာယအတွက် - ဒေါ်မိုမိုအောင်
ဒုတိယညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၀၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၉၅ တွင် မဆောင်နမ်က ဦးအယ်လ်ဘရန်မိုင်အပေါ် မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၁၀ အရ ထိမ်းမြားခြင်းပယ်ဖျက်၍ လင်မယားကွာရှင်းသည့်ဒီကရီချမှတ်ပေးရန် လျှောက်ထားရာ ခရိုင်တရားရုံးက မဆောင်နမ်လျှောက်ထားသည့်အတိုင်း လက်ထပ်ထိမ်းမြားမှုကို ပယ်ဖျက်ကြောင်း ရှေးဦးဒီကရီချမှတ်ခဲ့သည်။ ခရိုင်တရားရုံး၏ဒီကရီကို မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၁၇ အရ အတည်ပြုပေးရန် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးက တရားရုံးချုပ်သို့ တင်ပို့လာသဖြင့် အတည်ပြုသင့်မသင့် အမိန့်ချရန် ဤတရားမလွှဲအပ်လွှာကို ဖွင့်လှစ်ခြင်းဖြစ်သည်။

တရားလိုမဆောင်နမ်၏ဆိုလွှာတွင် တရားလိုနှင့်တရားပြိုင်တို့သည် ကချင်လူမျိုး၊ ခရစ်ယာန်ဘာသာကိုးကွယ်သူများဖြစ်ကြောင်း၊ တရားပြိုင်၏မိဘများက လာရောက်တောင်းဆိုမှုကြောင့် တရားလိုနှင့်တရားပြိုင်တို့ကို ၂၀-၁-၂၀၀၇ ရက်နေ့တွင် နမ်းခမ်းမြို့၊ လူမျိုးပေါင်းစုံနှစ်ချင်းခရစ်ယာန်ဘုရားကျောင်း၌ သိက္ခာတော်ရဆရာတော်ဦးမိတုန်ကျမ်းမှ ခရစ်ယာန်လက်ထပ်ထိမ်းမြားခြင်းအက်ဥပဒေနှင့်

အညီ ထိမ်းမြားလက်ထပ်ပေးခဲ့ကြောင်း၊ လက်ထပ်ပြီး ၅ ရက် အကြာ ၂၅-၁-၂၀၀၇ နေ့တွင် ခွင့်ရက်ပြည့်ပြီဟူသော အကြောင်းပြ ချက်ဖြင့် တရားပြိုင်သည် ရန်ကုန်မြို့သို့ ပြန်သွားကြောင်း၊ တရားပြိုင် အား တရားလိုနှင့် တရားလို၏မိဘများက ရက်အနည်းငယ်ခန့် ဆက်လက်နေထိုင်ရန်ပြောသော်လည်း မရကြောင်း၊ ထိုကိစ္စကြောင့် တရားလိုမှာ အများတကာအလယ် အရှက်တကွဲအကျိုးနည်းဖြစ်ခဲ့ရပြီး ကြီးလေးသောရက်စက်မှုကို ခံစားခဲ့ရကြောင်း၊ ထိုစဉ်အချိန်က တရားလိုမှာ မူဆယ်မြို့၊ ရိုးမဘဏ်တွင် အလုပ်လုပ်ကိုင်နေကြောင်း၊ တရားပြိုင်မှာ ရန်ကုန်မြို့ရှိ အားကစား နှင့်ကာယပညာဦးစီးဌာနတွင် ဦးစီးအရာရှိ (ကြက်တောင်ရိုက်နည်းပြ) ဖြစ်ကြောင်း၊ တရားပြိုင် သည် ရန်ကုန်မြို့သို့ ပြန်သွားပြီးနောက်ပိုင်း တရားလိုသို့ဖြစ်စေ၊ တရားလို မိဘများထံသို့ဖြစ်စေ မည်သို့မှအဆက်အသွယ်မလုပ်တော့ ကြောင်း၊ တရားပြိုင်နှင့်အတူနေထိုင်ရန် တရားလိုမှ ရန်ကုန်မြို့သို့ လိုက်လာခဲ့သော်လည်း အတူနေထိုင်ရန်ငြင်းဆန်မှုကို ခံခဲ့ရပြီး တရားလိုမှ သပြေဆန်း အမျိုးသမီးဘော်ဒါဆောင်တွင်သာ နေခဲ့ရ ကြောင်း၊ ထို့နောက် တရားပြိုင်နေထိုင်ရာ တာမွေမြို့နယ်၊ ကျိုက္ကဆံ အားကစားကွင်းရှိ ဝန်ထမ်းအိမ်ရာတွင်အတူနေထိုင်လို၍ သွားရောက် ခဲ့သော်လည်း တရားပြိုင်မှသဘောမတူဘဲ ညှင်းပမ်းနှိပ်စက်မှုကြောင့် တရားပြိုင်တွင် သားအိမ်၌ရေအိတ်တည်သည့်ရောဂါ ဖြစ်ပွား၍ ဆရာဝန်ဖြင့်ကုသနေရကြောင်း၊ တရားပြိုင်ရိုက်နှက် ညှင်းပမ်း နှိပ်စက်၍ တရားလိုသည်တရားပြိုင်ထံမှထွက်ပြေးခဲ့ရကြောင်း၊ တရားပြိုင်သည်တရားလိုအား ၂ နှစ်ကျော်ခန့် စွန့်ပစ်ထားကြောင်း၊ အတူနေထိုင်ပေါင်းသင်းရန်ကို တရားပြိုင်သည် အကြောင်းမဲ့ ငြင်းဆန် ခဲ့ကြောင်း၊ တရားလိုအပေါ်တွင် တရားပြိုင်သည် ရက်စက်မှု ကျူးလွန်ကြောင်း၊ ယခုအမှုကို တရားလိုသည်တရားပြိုင်နှင့်ပူးပေါင်း၍

စွဲဆိုခြင်းမဟုတ်ကြောင်း အဆိုပြုထားသည်။

တရားပြိုင်ဦးအယ်လ်ဘရန်မိုင်သည် ချေလွှာတင်ခြင်းမရှိဘဲ ရုံးရှေ့လာရောက်ခြင်းမရှိ၍ အမှုကို တစ်ဖက်သတ်စစ်ဆေးသည်။

ခရိုင်တရားရုံးက တရားလိုသည် တရားပြိုင်နှင့်ခရစ်ယာန် ဘာသာဝင်များ၏ဓလေ့ထုံးစံနှင့်အညီ သက်သေခံ (ဂ) အရ လက်ထပ်ထိမ်းမြားခဲ့ကြောင်း၊ ၅ ရက်ခန့်ပေါင်းသင်းပြီး တရားပြိုင်မှာ တရားလိုအားစွန့်ပစ်ခဲ့ကြောင်း၊ တရားလိုသည် တရားပြိုင်ရှိရာ ရန်ကုန်မြို့သို့ လိုက်လာပြီးအတူနေထိုင်ခဲ့သော်လည်း တရားပြိုင်က ညှင်းပမ်းနှိပ်စက်ရိုက်နှက်ကြောင်း၊ တရားပြိုင်နှင့်အတူ နေထိုင်ခွင့် မရ၍ အမျိုးသမီးဘော်ဒါဆောင်တွင်နေထိုင်ခဲ့ရကြောင်း၊ တရားပြိုင်က ညှင်းပမ်းနှိပ်စက်ရိုက်နှက်သဖြင့် သားအိမ်တွင်အရည်အိတ်တည် သည့်ရောဂါခံစားရကြောင်း၊ တရားလိုအားတရားပြိုင်က မပေါင်းသင်း လိုဟု ထုတ်ဖော်ပြောဆိုခြင်းဖြင့် ရက်စက်စွာပြုမူခဲ့ကြောင်း၊ တရားလို သည်တရားပြိုင်နှင့်ပူးပေါင်း၍ ဤအမှုကိုစွဲဆိုသည်ဟုမပေါ်ပေါက် သဖြင့် လက်ထပ်ထိမ်းမြားခြင်းကို ဖျက်သိမ်းသင့်သည်ဟု ယူဆ ကြောင်းသုံးသပ်၍ ရှေးဦးဒီကရီချမှတ်ပေးသည်။

မဆောင်နမ်၏ရှေ့နေက လျှောက်ထားခံရသူသည် လျှောက် ထားသူအပေါ် ကြီးလေးသောအိမ်ထောင်ရေးရက်စက်မှု ကျူးလွန် ခြင်း၊ လက်ထပ်ပြီးသည့်နေ့မှ ၅ ရက်သာပေါင်းသင်းပြီး ၂၅-၁-၂၀၀၇ နေ့စမှ၍ တရားစွဲဆိုသည့်နေ့ ၁၃-၅-၂၀၀၉ နေ့အထိ ၂ နှစ်ကျော် စွန့်ပစ်ထားခြင်း၊ လင်မယားအတူနေထိုင်ပေါင်းသင်းရန်ကိစ္စကိုလည်း အကြောင်းမဲ့ငြင်းဆန်ခြင်း၊ ပတ်ဝန်းကျင်တွင် ဇနီးမယားအဖြစ် အသိအမှတ်မပြုခြင်း၊ အတူနေထိုင်ရန်ကြိုးစားသူကို ညှင်းပမ်းနှိပ်စက်

ခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ လျှောက်ထားသူအပေါ် လူမှုရေး၊ အိမ်ထောင်ရေး၊ စားဝတ်နေရေးများလစ်လျူရှုထားခြင်းတို့ကြောင့် ထိမ်းမြားမှုပယ်ဖျက်ပေးစေသည့်ရှေးဦးဒီကရီအတွက် အတည်ပြုမိန့်၊ အပြီးသတ်ဒီကရီရထိုက်ကြောင်း၊ ဒီကရီကို လိမ်လည်ရယူရန်အတွက် လျှောက်ထားခံရသူနှင့်ပူးပေါင်းကြံစည်ခဲ့ခြင်းလည်း မရှိကြောင်း၊ ရန်ကုန်တွင်တစ်မြေတည်း၌ရှိနေကြသော်လည်း လင်မယားအဖြစ် အတူမနေထိုင်ရခြင်းမှာ လျှောက်ထားသူအတွက် ကြီးလေးသောရက်စက်မှုပင်ဖြစ်ကြောင်း လျှောက်လဲသည်။

ဦးအယ်လ်ဘရန်မိုင်သည် ရုံးရှေ့လာရောက်ခြင်း၊ လျှောက်လဲတင်ပြခြင်းမရှိပေ။

မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၁၀ တွင် ဇနီးဖြစ်သူက လင်ယောကျ်ားဖြစ်သူအပေါ် ထိမ်းမြားမှု ပယ်ဖျက်ပေးရန် လျှောက်ထားနိုင်ကြောင်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> " Any wife may present a petition to the District Court or to the High Court, praying that her marriage may be dissolved on the ground that, since the solemnization thereof, her husband has exchanged his profession of Christianity for the profession of some other religion, and gone through a form of marriage with another woman;

- or has been guilty of incestuous adultery,
- or of bigamy with adultery,
- or of marriage with another woman with adultery,
- or of rape, sodomy or bestiality,
- or of adultery coupled wiht such cruelty as without adultery would have entitled her to a divorce *a mensa et toro,*
- or of adultery coupled with desertion, without reasonable excuse, for two years or upwards.

မဆောင်နမ်၏ အဆိုပြုတင်ပြချက်များတွင် ဦးအယ်လ်ဘာရန်မိုင်သည် အခြားဘာသာသို့ကူးပြောင်းခြင်း၊ နောက်ထပ်မယားယူခြင်း၊ အမျိုးသမီးတစ်ဦးနှင့်ဖောက်ပြန်ခြင်း စသောအချက်များတင်ပြထားခြင်းမရှိသကဲ့သို့ ဦးအယ်ဘာရန်မိုင်သ့ည် ထိုအချက်များကိုကျူးလွန်ခဲ့ကြောင်းလည်းမပေါ်ပေါက်ပေ။ ရိုက်နှက်ခြင်းဖြင့် ညှင်းပန်းနှိပ်စက်ကြောင်း တရားလိုကထွက်ဆိုသော်လည်း လိုပြသက်သေများက ထောက်ခံထွက်ဆိုခြင်းမရှိပေ။ တရားလိုပြောပြ၍သိရကြောင်းသာထွက်ဆိုကြသည်။ ရက်စက်မှုကို ကျူးလွန်ရုံမျှဖြင့်လည်း တစ်ပါးသော မိန်းမနှင့်ဖောက်ပြားကျူးလွန်ကြောင်း သက်သေမပြနိုင်လျှင်လင်မယားကွာရှင်းရေးဥပဒေပုဒ်မ ၁၀ အရ ကွာရှင်းရန်ဒီကရီကို

တောင်းဆိုခြင်းမပြုနိုင်ပေ။ **မစွစ်ပါး (လ်) ကျော် နှင့် ဦးကျော် အမှု**(၁) ကိုကြည့်ပါ။

တရားလိုက တရားပြိုင်သည် ၂ နှစ်ကျော်စွန့်ပစ်ထားခြင်းကြောင့် ကွာရှင်းခွင့်ရထိုက်သည်ဟုတင်ပြသည်။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၁၀ အရ မိန်းမတစ်ဦးနှင့်ဖောက်ပြန်ခြင်းအပြင် ဇနီးဖြစ်သူအား ၂ နှစ်နှင့်အထက်စွန့်ပစ်ထားမှသာလျှင် ထိမ်းမြားမှုကို ပယ်ဖျက်ပေးနိုင်သဖြင့် ၂ နှစ်အထက်စွန့်ပစ်သည်ဟု ဆိုရုံမျှဖြင့် ထိမ်းမြားမှုကို ပယ်ဖျက်ပေးနိုင်မည်မဟုတ်ပေ။ တရားလိုတင်ပြသောသက်သေခံချက်များအရ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေပုဒ်မ ၁၀ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိ၍ ခရိုင်တရားရုံးက ထိမ်းမြားလက်ထပ်မှု ပယ်ဖျက်ပေးခဲ့ခြင်းမှာ မှန်ကန်ခြင်း မရှိပေ။

ရုံးသဟာယအဖြစ်ဆောင်ရွက်သူ ရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးကလည်း ခရိုင်တရားရုံး၏ဒီကရီသည် ဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်သည်ဟုမဆိုနိုင်သဖြင့် ဥပဒေနှင့်ညီညွတ်သည့်အမိန့်ချပေးရန် လျှောက်လဲသည်။

အထက်ပါအကြောင်းများကြောင့် မြန်မာနိုင်ငံလင်မယားကွာရှင်းရေးဥပဒေပုဒ်မ ၁၀ အရ လက်ထပ်ထိမ်းမြားမှုကို ပယ်ဖျက်သည့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ရှေးဦးဒီကရီကို ပယ်ဖျက်၍ မူလရုံးတရားလိုစွဲဆိုသောအမှုကို ပလပ်လိုက်သည်။

---

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၂၄၉ (ရုံးချုပ်)